## စီစဥ်သူ၏ ရင်တွင်းစကား

စာရေးသူအနေဖြင့် တရားတွေဟောခဲ့တာ၊ ဟောပြီးသား တရားတွေကို ပြန်လည်ရေးသား စိစစ်ထုတ်ဝေခဲ့တာ အတော်အသင့် များခဲ့ပြီဟု ဆိုချင်ပါသည်။ ယခုလည်း ဟောပြီးသားတရားအခွေထဲက ထုတ်ဝေခဲ့တဲ့ တရားတော်တွေကို စုပေါင်းပြီး ပြန်လည်ထုတ်ဝေဖို့ စာအုပ်ဆိုက် အချိုးပြောင်းထုတ်ဝေကာ ဓမ္မကထိကများ အသုံးပြု နိုင်ဖို့ရန် စီစဥ်ခဲ့ပါသည်။

ယခု ထုတ်ဝေဖို့စီစဥ်သည့် တရားတော်ခေါင်းစဥ်များကို စဥ်းစားရင်းနှင့် ထိုခေါင်းစဥ်များထဲတွင်ပါဝင်သည့် ဓမ္မအနှစ်များကို ထုတ်နုတ်ကြည့်ပြီး တရားချစ်သူ သူတော်စင်အားလုံးက ဓမ္မအနှစ် များကို စားသုံးကျင့်ကြံနိုင်၊ ပွားများနိုင်ကြပေလိမ့်မည်ဟု စီစဥ်သူ ယုံကြည်ပါသည်။

ပထမဆုံး "သောတချုပ်သိမ်း ငရဲမီးငြိမ်း"တရားတော်တွင် လည်း ဒုစရိုက်သမားများ၏ သွားရမည့်လမ်း၊ မိဘစကားနှင့် ရဟန္တာကို



ပျက်ရယ်ပြုသူတို့သွားရာလမ်းကို ဟောကြားထားပြီး၊ "စိတ်ကိုဆုံးမ နိဗ္ဗာန်ရ"တရားတော်တွင်လည်း မမြင်ရသော်လည်း ထိန်းချုပ်ဖို့ခက်ခဲ သည့် စိတ်ကလေးအကြောင်းကို ဟောကြားထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ထိုစိတ်သည် မကောင်းတဲ့ဘက်မှာ ပျော်ပိုက်ပြီး ကောင်းတဲ့ဘက်မှာပျော်ပိုက်ဖို့ တွန့်ဆုတ်နေတတ်ကြောင်း၊ ထိုစိတ် ကို နိုင်အောင်ထိန်းသင့်ကြောင်း တရားဓမ္မနှင့်ယှဥ်၍ တင်ပြထားသည်။ "နိဗ္ဗာန်စခန်း အရောက်လှမ်း"တရားတော်တွင်လည်း ယောဂီကျင့်စဥ် အပါအဝင် တရားလေးပါးလက်ကိုင်ထား၊ သိလလုံရန်အခြေခံသည့် နိဗ္ဗာန်ရောက်ကြောင်း အခြေခံကောင်းများကို စာဖတ်သူ(တရားချစ် ခင်သူ)များအတွက် ဟောကြားတင်ပြထားသည်။ "သိအောင်လုပ်ပါ" တရားတော်တွင်လည်း ကောင်းမှု မကောင်းမှု (ကုသိုလ်- အကုသိုလ်) တို့၏ ဆိုးကျိုးအပြစ်များကိုတင်ပြထားပြီး ကောင်းမှုပြုသင့်ကြောင်း၊ ဘုရားသာသနာအတွင်း လူ့ရဲ့အခွင့်အရေး မသိတဲ့အတွက် ဇာတိဒုက္ခ စသည့် အသိတရားများရှိစေရန် ဟောပြထားပါသည်။ "အခွင့်ကောင်း အပေါင်းယူတတ်စေ"တရားတော်တွင်လည်း အခါအခွင့်ကောင်း၊ ကောင်းမြတ်ချိန်ခါ ဘုရားပွင့်ရာ၊ တားလွဲသေ ဖြတ်သွားပြည်၊ တရားမချစ် ပစ္စန္တရာဇ်စသည့် ဘုရားပွင့်စဥ်ကာလနှင့် ကြုံသည့်အချိန်ကောင်း အတွင်း အသိတရားယူတတ်ဖို့ ဟောပြထားသည်။ "နိဗ္ဗာန်အကြောင်း သိကောင်းစရာ" တရားတော်တွင်လည်း မသိဘဲနှင့် တောင်း နေသည့် နိဗ္ဗာန်၊ ဒိဋ္ဌိရှိလျှင် နိဗ္ဗာန်မမြင်၊ နိဗ္ဗာန်အကြောင်းပြောရာ မစွန်းမငြိပါ စေနှင့် စသည့် အကြောင်းအရာများပါဝင်ပြီး "ဒီတရားနာပြီးမှ သေကြ



ပါ"တရားတော်တွင်လည်း လူသားတွေအတွက် အလွန်အရေးကြီးတဲ့ တရား၊ ရောဂါမကပ်ခင် ကြိုတင်အားထုတ်ပါ။ "ဝေဒနာနဲ့ ငါ မရောစေနဲ့"စသည့် တရားတော်ဟောကြားချက်များ ပါဝင်သည်။

ထို့ကြောင့် တရားချစ်ခင် သူတော်စင်များအပါအဝင် တရား စုံမက် စာချစ်သူများအတွက် ယခုထုတ်ဝေသည့် မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားတော်များ(ပထမတွဲ) စာအုပ်ကို ဖတ်ရှု၍ မိမိ စိတ်ကိုမြှင့်တင်၍ မြတ်နိဗ္ဗာန်အထိ အသုံးချနိုင်ပါစေဟု မေတ္တာဖြင့် ရေးသားအပ်ပါ သည်။

စံရိမ်ငြိမ်ဆရာတော်
အရှင်ဇဝန(ဝဲခူး)
၀၉-၄၂၅၀၂၄၉၀၃